mgyoe.com
SAMPLE BOOK

၁၈၃၅ ခုနှစ် အင်္ဂလိပ်-မြန်မာ ၂ ဘာသာမှတ်တမ်း
မူရင်းစာများအတိုင်း

# မော်လမြိုင်မြို့မှ
# ဘင်္ဂလား ကာလကတ္တားမြို့သွား
# မှတ်တမ်း

**မောင်ရွှေထွန်း**
ပြုစုသည်။

# JOURNAL OF A VISIT TO CALCUTTA, IN THE YEAR 1835


***BY MOUNG SHOAY DOON,***
**Head Native Officer of the Revenue Department, Maulmein.**


**[With an English Translation.]**


mgyoe.com

mgyoe.com ပန်းရွှေပြည်စာအုပ်တိုက်ထုတ်စာအုပ်များ




















mgyoe.com

mgyoe.com
SAMPLE BOOK

တန်ဖိုး
၂၅၀၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

ပထမအကြိမ်
၂၀၁၇ ခုနှစ် ဩဂုတ်လ

မျက်နှာဖုံး
မင်းဟန်

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ် ၂၈၊ တာဝတိံသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com

SAMPLE BOOK

# ဘင်္ဂလား

## ကလကတ္တားမြို့သွားမှတ်တမ်း

မောင်ရွှေထွန်း

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* စိစစ်ခင်းကျင်းသူ၏အမှာ ၅
- ဘင်္ဂလား ကလကတ္တားမြို့သွားမှတ်တမ်း ၇
စိစစ်ပြီးမှု
- ဘင်္ဂလား ကလကတ္တားမြို့သွားမှတ်တမ်း ၄၉
မြန်မာ-အင်္ဂလိပ် ၂ ဘာသာ ရေးမှုအတိုင်း


mgyoe.com

mgyoe.com
SAMPLE BOOK

## စိစစ်ခင်းကျင်းသူ၏အမှာ

၁၁၉၂ ခုနှစ်ကလည်း ဘင်္ဂလားသို့ မြန်မာအဖွဲ့ သွားခဲ့ဖူးပါသည်။ အင်းဝမြို့တော်မှနေ၍ စစ်တွေမှတစ်ဆင့် သွားခြင်း ဖြစ်သည်။ ၁၁၉၅ ခုမှ ပြန်ရောက်သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလ ဖြစ်သည်။ မြန်မာဘုရင် ဘကြီးတော်မင်းလက်အောက်မှ သွားရခြင်း ဖြစ်သည်။[၁]

ဤစာအုပ်ပါ ခရီးသွားရခြင်းမှာ မြန်မာပြည်အောက်ပိုင်းကို အင်္ဂလိပ်တို့ အုပ်ချုပ်ခွင့်ရပြီးကာလမှ အိန္ဒိယဘုရင်ခံချုပ်၏ အဆင့်အခေါ်အရ သွားရခြင်း ဖြစ်သည်။ ရုံးလုပ်ငန်းသဘောအရ အသွားအလာသာ ဖြစ်သည်။ ၁၁၉၂ ခု ဘကြီးတော်မင်းထံမှ အသွားနှင့် မတူပါ။

၄င်းနှစ် ပြာသိုလဆန်း ၁၁ ရက် ပြန်ရောက်ရာ အသွားအပြန် ၂ လ ကြာပါသည်။ လမ်းခရီးမှာ အသွား ၁၅ ရက်၊ အပြန် ၁၅ ရက် ကြာပါသည်။

ဘင်္ဂလားပြည် ကလကတ္တားမြို့သို့ ရေကြောင်းခရီးမှ တိုက်ရိုက်သွားခြင်း ဖြစ်သည်။ မော်လမြိုင်ဆိပ်ကမ်းမှ ၁၁၉၇ ခု တန်ဆောင်မုန်းလဆန်း ၁၀ ရက် သောကြာနေ့ နံနက် ၈ နာရီအချိန်တွင် ထွက်ခွာပါသည်။ ၄င်းလပြည့်ကျော် ၁၀ ရက် စနေနေ့ ကလကတ္တားမြို့ ကာလဝံကတ်ဆိပ်ကို ရောက်သည်။

ဘင်္ဂလားအရှင်(အိန္ဒိယဘုရင်ခံချုပ်)ကို တနင်္သာရီ၊ မြိတ်၊ ထားဝယ်၊ ရေး၊ မော်လမြိုင်မြို့များဆိုင်ရာ အရေးပိုင်က သွားရောက်တွေ့ဆုံရသောခရီး ဖြစ်သည်။

---

၁။ မြန်မာနိုင်ငံသမိုင်းကော်မရှင်က 'ကျမ်းစဉ် ၂'အဖြစ် ထုတ်ဝေခဲ့သော 'ဘင်္ဂလားသွားစာတမ်း'တွင် ကြည့်ပါ။

mgyoe.com

mgyoe.com SAMPLE EBOOK

ဘင်္ဂလားအရှင်အိမ်တော်၏ ခမ်းနားပုံ၊ ခံတပ်နှင့် မြို့၏ စံနစ်တကျ တည်ဆောက်ထားပုံ၊ စစ်လက်နက်ပစ္စည်း ထုတ်လုပ်ပုံ၊ စစ်အင်အား၊ စက်ရက်ကန်းရုံ။ ဘင်္ဂလားဘုရင်ခံကို တွေ့ဆုံ အခစားဝင်အခမ်းအနား၊ ဒင်္ဂါးစက်ရုံ၊ သတ္တုအရည်ကျိုစက်ရုံ၊ စစ်ရေးပြအခမ်းအနား၊ မြို့ကို ရေပေးဝေပုံ၊ ဈေးဆိုင်ကြီးများ၏ အရောင်းအဝယ်ကြီးကျယ်ပုံ၊ ဆိုင်ရာဆိုင်ရာ ဘာသာရေးဘုရားကျောင်းတို့ တည်ရှိပုံ၊ လူတို့၏ နေထိုင်ပုံအဆင့်တို့ကို တင်ပြထားပါသည်။

မည်သို့ဆိုစေ၊ ဤစာအုပ်ငယ်သည် 'သမိုင်းအထောက်အကူ တစ်ခုတော့ ဖြစ်နိုင်ကောင်းသည်။'-ဟု ယူဆပြီး ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

မြန်မာ-အင်္ဂလိပ် ၂ ဘာသာ (billagual) ပုံစံအရ စာပိုဒ်ချင်း ယှဉ်ဖတ်နိုင်အောင် ပုံနှိပ်ထုတ်ဝေထားသည့် စာအုပ်စီစဉ်ပုံကို တွေ့ရပေမည်။

မူရင်းမြန်မာဘာသာကို ယခုစာအုပ်ရှေ့ပိုင်းတွင် ဖတ်ရ အဆင်ပြေအောင် ပြန်လည်စိစစ်ခင်းကျင်းထားပြီး၊ မူရင်းအတိုင်းသာ ဖတ်လိုမြင်လိုသူတို့အတွက် နောက်ပိုင်းတွင် မူရင်းစာများအတိုင်း ပုံတူကူးကာ တင်ပြထားပါသည်။

၁၈၃၆ ခု (လွန်ခဲ့သော ၁၈၁ နှစ်)က မော်လမြိုင်မြို့တွင် ပုံနှိပ်ထုတ်ဝေထားသော စာအုပ်တစ်အုပ်၏ ဂုဏ်ရည်ဂုဏ်သွေး သည်လည်း မြန်မာစာပေသမိုင်းအတွက် အထောက်အပံ့တစ်ခု ဖြစ်နိုင်ကောင်းသည်။-ဟု ယုံကြည်စိတ်ဖြင့် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

အားလုံးသို့ ကောင်းသောချစ်ခြင်းများဖြင့်

ကိုရွှေသိမ်းမင်း

mgyoe.com

mgyoe.com
SAMPLE BOOK

# J O U R N A L
# OF
# A V I S I T T O C A L C U T T A ,
## IN THE YEAR 1836

*BY MOUNG SHOAY DOON,*
Head Native Officer of the Revenue Department,
Maulmein.
[With the English Translation.]

ဘင်္ဂလားမြို့သို့ မော်လမြိုင်မြို့က
သက္ကရာဇ် ၁၁၉၇ ခုနှစ် သွား၍
သိမြင်ခဲ့သမျှ အများကြားသိရအောင်
အခွန်တော်ဝန် 'မောင်ရွှေထွန်း' စီကုံးရေးသားသည့်
ရာဇဝင်စာ။

MAULMEIN
PRINTED AT THE FREE SCHOOL PRESS:
1836

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားသခင်၏ တန်ခိုးတော်မြတ်ကို အမှီပြု၍ ဘင်္ဂလား ကာလကတ္တားမြို့သို့သွားရာ ထူးဆန်းကြီးကျယ် ခင်းကျင်းစီမံရှိသည်ကို သိမြင်ခဲ့သမျှ အများကြားသိရအောင် သက္ကရာဇ် ၁၁၉၇ ခု တပို့တွဲလပြည့်ကျော် ၃ ရက် အင်္ဂါနေ့ နံနက် ၉ နာရီအချိန်ကစ၍ စီကုံးရေးသားပါသည်။

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဝရဇိန်လက်နက် မိုးကြိုးစက်ကဲ့သို့ လက်နက်စကြာ ရတနာအပေါင်းများနှင့် ဣန္ဒိယတိုင်း ဘိလပ်ပြည်ကြီးကို အစိုးရတော်မူသော ရေမြေသခင် ဘဝရှင်မင်းတရားကြီးဘုရား။ ဣန္ဒိယတိုင်း အနောက်ပြည်ကြီးများကို အစိုးရတော်မူသော ကုမ္ပဏီမင်း[၁] ဘင်္ဂလားအရှင်ခေါင်နံဖန်သခင်ဘုရားက ကိုယ်စားလွှဲအပ် ခန့်ထားတော်မူသော တနင်္သာရီ, မြိတ်, ထားဝယ်, ရေး, မော်လမြိုင်မြို့ အရေးပိုင် အဂ္ဂမဟာသေနာဓိပတိ ဝန်ရှင်တော် ဗလံဒါန်မင်းကြီးသခင်ဘုရားက မော်လမြိုင်မြို့ကို အရေးနှင့်တကွ ကိုယ်စားဝန်ထောက်မင်း မက်သွားကရပ်သခင်, မြို့ဝန်ကဏ္ဍာမံသခင်, ရော်လင်သင်သခင်, ကာရဘင်သခင်များကို လွှဲအပ်ခန့်ထားခဲ့၍ ဘင်္ဂလား ကာလကုတ္တမြို့သို့ သွားတော်မူရာ၊

အခွန်တော်ဝန် မောင်ရွှေထွန်းသည် သက္ကရာဇ် ၁၁၉၈ ခုနှစ် တန်ဆောင်မုန်းလက စ၍ ယခုတိုင် အင်္ဂလိပ်ဘုရင်ကုမ္ပဏီမင်းကြေးကျွန်[၂] သူကောင်းပြုကို ခံ၍ ရှိနေရသည်။ ယခုလည်း၊ ‘ဘင်္ဂလားအရှင်ခေါင်နံဖန်သခင်ဘုရားခြေရင်း ရွှေမျက်နှာတော်ကို ဖူးမြင်ရအောင် အထူးထူး အဆန်းဆန်း အလွန်ကြီးကျယ်လှသည်ကို ပြသပြောဆိုမည်။’ – ခေါ်တော်မူရာ၊

---

၁။ အရှေ့အိန္ဒိယကုမ္ပဏီကို အစွဲပြု၍ ‘ကုမ္ပဏီမင်း’ ဟု ခေါ်ခြင်းဖြစ်သည်။ ‘အိန္ဒိယဘုရင်ခံချုပ်’ကို ညွှန်းပါသည်။

၂။ ‘ငွေနှင့်ပေးချေဝယ်သောကျွန်၊ ကြေးနှင့်ပေးချေဝယ်သောကျွန်’–ဟူ၍ရှိသောကြောင့် ‘ကြေးကျွန်’–ဟု သုံးသည်လား။ ငွေ ၁ ကျပ်ကို ကြေး ၁၀ ကျပ်နှင့် တန်ဖိုးတူ ထားခဲ့ကြဖူးသည်။ ကိုင်းစားမနုရာစာလျှောက်ထုံးမှာကြည့်ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

သက္ကရာဇ် ၁၁၉၇ ခု တန်ဆောင်မုန်းလဆန်း ၁၀ ရက် သောကြာနေ့။ နံနက် ၈ နာရီအချိန်ကို ဝန်ကြီးမင်း သခင်ဘုရားနှင့်အတူ အခွန်တော်ဝန်မင်း မောင်ရွှေထွန်း၊ ကျိုင်းချောင်းခေါင်ချုပ် မောင်ကျိုင်း – နောက်ပါလူတို့နှင့် မော်လမြိုင်မြို့ လူကြီးလူငယ်အများအရာရှိတစ်စုတို့ လိုက်ပို့ကြ၍ သာယာ ကုန်း မင်္ဂလာဒုံတံတားကြီးဆိပ်က လှေစီးပြီးလျှင် စုန်ဆင်းထွက်သွားရာ၊ ကျိုက္ခမီမြို့ဆိပ်သို့ ၄င်းနေ့ ၃ နာရီအချိန်ကို ရောက်၍ ကျိုက္ခမီမြို့ဝန် ကာရဘင်သခင်အိမ်မှာ စားပွဲခင်းကျင်း ပွဲတော်တည်ပြီးလျှင်၊ ၆ နာရီအချိန် ကို သင်္ဘောသူကြီး 'ဝိလင်ဗရံတ်'၊ မာလိန်'ဝိလင်ဗရစ်ထူ'– သင်္ဘောအမည် 'ဝိလဝတ်' သို့ ဆင်းသည်။ တလိုင်းဗိုလ် ဘတ်သခင်မှာ 'မော်လမြိုင်မြို့တွင် တလိုင်းစစ်ပိုင်းအမှုထမ်း လက်နက်ကိုင်ထားရအောင် အမိန့်ကို ခံမည်။' လိုက်ပါပါသည်။ ကျိုက္ခမီမြို့က ရေကြောင်းလမ်းပြ၊ မာလိန်တို့ ဇော်ရာဖော့ လွန်အောင် ပင်လယ်ပြင်သို့ သင်္ဘောကို ထုတ်ယူပို့ပြီး၍ လွှင့် တိုက်သွားရာ

၁၁ ရက် စနေနေ့။

မိုးလင်းလျှင် ဆေဗိုကျွန်း၊ ကြက်သွန်ကျွန်း၊ ကုလားကုတ်ကျွန်း၊ ရေးမြို့၊ ထားဝယ်မြို့တောင်ကမ်းများကို မြင်သေး သည်။

၁၂ ရက် တနင်္ဂနွေနေ့။

တောင်ကမ်းမမြင် မိုးသက်လေပြင်းနှင့် လွှင့်တိုက်သွားရာ၊

၄င်း လပြည့်ကျော် ၃ ရက် စနေနေ့။ ညဥ့် ၉ နာရီ အချိန်တွင် ဘင်္ဂလားမြို့ ပင်လယ်ဝအဝင် ကမ်းကိုမမြင် အစဉ်နေ့၊ည မီးဖြူ၊မီးဝါပြ၍ ကျောက်စွဲ စောင့်နေသည်။ သင်္ဘောက မီးပြသည်ကိုမြင်လျှင် ၁၂ နာရီ အချိန်ခန့်တွင် သင်္ဘောဇော်ရာဖော့ ချထားသည့်အနားတွင် ကျောက်စွဲ ရပ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၄ ရက် တနင်္ဂနွေနေ့။

နံနက် ၈ နာရီအချိန်ကို သင်္ဘော ၁ စင်း ရှက်တိုက်လာ၍ အနား သို့ရောက်လျှင် သင်္ဘော ရပ်ဆိုင်းသည်။ သင်္ဘောပေါ် တွင် ရေကြောင်းလမ်းပြ မာလိန်အများ ရှိပါသည်။ ထိုမာလိန်တို့လည်း ဘင်္ဂလားမြို့သို့ ထွက်ဝင်သည့် သင်္ဘောများကို ၁ ယောက်စီတက်၍ ဆောင်ယူသွင်းသွားရသည်။ သမ္ဗန်ငယ်နှင့် ရေကြောင်းလမ်းပြမာလိန် ၁ စီးပြီးလျှင် ခတ်လူ ၁၀ နှင့် ကူးရောက်လာသည့်သင်္ဘောသို့ မာလိန် တက်၍ လမ်းပြဆောင်ယူ စီမံ သွားရာ၊ ထိုနည်းတူ သင်္ဘော ၃ ပင်တိုင် ၁ စင်း နေ့ ,ည ကျောက်စွဲ၍ မီးဖြူ ,မီးဝါ ပြနေသည်။ သင်္ဘောရေကြောင်းပြ လံလဖော်ရာဖော့ကြီးအနီး၊ ရှိဖော်ရာဖော့ကြီး, ဗိုဖော်ရာဖော့ကြီးအစုံကာလ ဖော်ရာဖော့ကြီးအနက်များကို တွေ့၍ မီးပြအလံတိုင် ချောထောက် စာပို့နေရာသို့ ၅ ရက် တနင်္လာနေ့ နံနက် ၇ နာရီအချိန်ကို ဂင်္ဂါသာခက်ကမ်းသို့ ရောက်သည်။

## ၂

## ဘင်္ဂလား၀ ဂင်္ဂါသာခက်ကမ်းမြစ်ဝသို့ ဝင်သွား၍ ကာလကတ္တားမြို့ဆိပ်သို့ ရောက်သည့်အခန်း

သင်္ဘောလည်း ၃ ပင်တိုင်, ၂ ပင်တိုင်ကြီးငယ် အများအပြား ထွက်ဝင်သည်ကို မြင်သည်။ ၃ ပင်တိုင်ကြီး ၁ စင်းမှာ မော်လမြိုင်မြို့ မြန်မာတိုင်းပြည်သို့ မရောက် မလာ မမြင်စဖူး အလွန်ကြီးလှသည်ဖြစ်သော ကြောင့် ဝန်ကြီးမင်းသခင်ကို လျှောက်ထားရာ၊ "ဘိလပ်မြို့တော်က အမှုထမ်း ဂေါ်ရာ လက်နက်အစုံနှင့် ဘင်္ဂလား ကာလကတ္တားမြို့သို့ တင်ယူခဲ့ကြောင်း" ကို အမိန့်ရှိ၍ သိရပါသည်။

နာရီပြန် ၂ နာရီအချိန်ကို ဂင်္ဂါသာခက်ကမ်းနားတွင် ကျောက်စွဲမှ ကမ်းပေါ်မှ အလွန်မြင့်သော မာလိန်တိုင်ကြီး ၁၊ တိုက်စေတီကဲ့သို့ သင်္ဘော

mgyoe.com

အထွက်အဝင် အကြောင်းရှိသမျှကို သိရအောင် အစဉ်အလိုက် ဘင်္ဂလား ကာလကတ္တားမြို့ရောက် အလံ ၁ နှင့် စေတီကဲ့သို့ တိုက်မြင့်ပေါ်က သစ်သား ပျဉ်ပြားနှင့် စကားပေါ်၍ သိရအောင် ညွှန်ပြထားပြီးလျှင် မီးလည်း ပြလျက် ရှိသည်။ မာလိန်စင်ကြီးရှိသော တိုက်ကြီးလည်း ၂ တိုက် ရှိသည်။

မော်လမြိုင်မြို့က ရက်ပေါင်း ၁၀ ရက်နှင့် ဘင်္ဂလားကမ်း ဂင်္ဂါ သာခက်သို့ ရောက်သည်။ သင်္ဘော ၂ ပင်တိုင်တိုက် ထွက်လာသည်ကို မြင်လျှင်၊ '၁ စင်းကို ၁ စင်း အလံတင် ပြကြသည်မှာ မည်သည့်အကြောင်း ကြောင့် အလံတင်၍ ပြကြသည်'ကို အစီရင်ခံရာ၊ 'ဤကဲ့သို့ တစ်ဦးကိုတစ်ဦး သင်္ဘော တွေ့ကြုံကြ၍ စကားအကမ်းအလှမ်း မမီမကြားနိုင်လျှင် အလံပြ၍ အလံရိပ် နိမိတ်နှင့် မည်သည့်သင်္ဘောအမည်, အကြောင်းအရာရှိသမျှ အလုံးစုံ မျိုးကို အလံနှင့် သိရသည်။ ထိုသင်္ဘောသည် မော်လမြိုင်မြို့မှာ တည် လုပ်သောသင်္ဘော ဖြစ်သည်။'

မော်လမြိုင်မြို့က ဘင်္ဂလားအဝင် ဂင်္ဂါသာခက်ကမ်းရောက် ရေကြောင်းလမ်းတာလေးသင်-အင်္ဂလိပ်တာတိုင်ပေါင်း ၆၆၄ တိုင် ရှိ ကြောင်းကို သင်္ဘောကပ္ပတိန်, မာလိန်တို့ ပြော၍ သိရပါသည်။

၁ တိုင်လျှင် ကိုက်ပေါင်း ၁၇၆၀။ ၂ တောင်ကို ၁ ကိုက် ဖြစ် သည်။ ၁ တိုင်လျှင် တောင်ပေါင်း ၃၅၂၀ ရှိသည်။

သမုဒ္ဒရာပင်လယ်ပြင်မှာ ထွက်ဝင်သွားလာသည့် သင်္ဘောသူကြီး ကပ္ပိတန်, မာလိန်တို့မှာ ပင်လယ်ပုံ, နာရီ, နေတိုင်း, ရေတိုင်းနှင့် တွက် စစ်၍ တောင်ကမ်းမမြင် တိုင်းပြည်အဝင် ပင်လယ်ဝများကို ယူဇနာများနှင့် ချင့်ချိန်ရောက်နိုင်သည်။ ရောက်ပြန်လျှင်လည်း တောင်ကမ်းအနီးအဝေးကို မှန်ပြောင်းနှင့်ကြည့်၍ ထင်ရှားစွာ သိမြင်ရသည်။ အင်္ဂလိပ်မင်းမျိုးတို့ ဉာဏ်သတ္တိပညာ ကြီးကျယ်စွာ ရှိလှသည်။

၄င်းနေ့။ ဂင်္ဂါသာခက်ကမ်းက ၆ နာရီအချိန်တွင် ကျောက်နုတ်၍ ရေတစ်ဝက်ခန့် ရွက်တိုက်သွားပြီးလျှင်၊ ကဇေရီကမ်း ဖော့အနားတွင် ညဉ့်

mgyoe.com

၁၀ နာရီ အချိန်ကို ကျောက်စွဲ၍ အိပ်နေကြသည်။ ကဇေရီကမ်မှာလည်း အလွန်မြင့်သောစေတီကဲ့သို့ တိုက်မြင့်ပေါ်က သင်္ဘောအထွက်အဝင်ကို မြင်ရအောင် မီးပြသည်။ သစ်သားပျဉ်ပြားနှင့် အကြောင်းရှိမဲ့ အစဉ်အလိုက် သိစေလို၍ တင်ပြသည်။ ချောထောက် စာပို့စခန်းလမ်း ဖြစ်သည်။ ကဇေရီရွာမှာလည်း ဈေးနှင့် လယ်လုပ်, ဆားချက်ရွာကြီး ဖြစ်သည်။ ရွာတွင် လူတို့လည်း ဘင်္ဂါလီဟိန္ဒူလူမျိုးဖြစ်သည်။ ၄င်းလူတို့အိမ်မှာလည်း မြေအိမ်ထရံကိုလည်း မြေသရွှတ်ကျံသည်။ အမိုးမှာ သက်ကယ်မိုး၍ နေကြသည်။

### ၆ ရက် အင်္ဂါနေ့။

နံနက် ၆ နာရီအချိန်ကို ကျောက်နုတ်၍ တရွတ် တိုက်သွားရာ ဗာရထူရွာက ရန်ကာဘာမြစ် စစ်တကောင်း-ပန်းဝါလမ်း မြန်မာလှေတို့သည် ဘင်္ဂလား ကာလကုတမြို့သို့ သွားလာသည်။ မြစ်ဝ အထက်ရွာမှာ နာရီပြန် ၆ နာရီအချိန်ကို ကျောက်စွဲ၍ အိပ်နေကြသည်။ ကဇေရီရွာက ရန်ကမ္ဘာရွာအရောက် လက်ဝဲ, လက်ယာ အုန်းပင်, ထန်းပင်, စွန်ပလွန်ပင်, ဥယျာဉ်, ဆားချက်, လယ်ခင်း, အိမ်ရာအစဉ်အလိုက် များစွာရှိပါသည်။ ရန်ကာဘာရွာတွင်လည်း ခေတ္တ ကျောက်စွဲရပ်နေရာ ဘိလပ်ပြည်ကြီးက အလွန်ကြီးကျယ်လှသော သင်္ဘော ၃ ပင်တိုင်ကြီးပေါ်မှာ ဂေါ်ရာစစ်ပိုင်းအမှုထမ်း ရဲမက်လက်နက်ကိုင် လက်နက်ကိရိယာအစုံနှင့် အများတင်၍ ဝင်လာရှိနှင့်သည်။ သင်္ဘောကို ယန္တရားစက်ရဟတ်ကဲ့သို့ ထူးမြတ်စီမံတည်လုပ်သော မီးသင်္ဘော ၂ စင်းနှင့် ယှဉ်တွဲယူသွင်းသွားမည် ရှိသည်။

### ၇ ရက် ဗုဒ္ဓဟူးနေ့။

မိုးလင်း ၆ နာရီအချိန်တွင် သင်္ဘောကြီးကို တွဲယူသွားသည်မှာ မြန်မာမင်းတို့ ခတ်လှေ, လှော်လှေကို အလျင်အမြန် ခတ်လှော်သည်ထက် လျင်မြန်ပါသည်။ ရန်ကမ္ဘာရွာမှာလည်း ထိုနည်းတူ အငူစွန်း မြစ်တစ်ဖက်

mgyoe.com

တစ်ချက် ဥပဒေထား သစ်သားပျဉ်ပြားပြသည့် စေတီကဲ့သို့ တိုက်မြင့်လည်း ရှိသည်။ ဟိန္ဒူတို့ဘာသာ ကိုးကွယ်သည်။ တန်ဆောင်းပမာကဲ့သို့ တူသော စေတီဘုရားလည်း ရှိသည်။

ရန်ကာဘာရွာဆိပ်က ကျောက်နုတ်၍ ထွက်လာရာ၊ နာရီပြန် ၅ နာရီအချိန်တွင် နုရာဘူရွာဆိပ်တွင် ကျောက်စွဲ၍ အိပ်နေကြသည်။ နုရာဘူ ရွာမှာ ယမ်းတိုက်ဟောင်း ရှိသည်။ အုန်း၊ ထန်း၊ စွန်ပလွံ၊ ဥယျာဉ် လယ်ယာ ရှိသည်။

### ၈ ရက် ကြာသပတေးနေ့။

၉ နာရီအချိန်တွင် ဘင်္ဂလား ကာလကတ္တားမြို့က သမ္ဗန် ၁ စင်း ခတ်လူအပြည့်နှင့် ဝန်ကြီးမင်းသခင်ကို ကြိုဆိုလာရောက်၍ တင်ယူသွား သည်။ ၁၀ နာရီအချိန်ရောက်လျှင် နုရာဘူရွာက သင်္ဘောကို ကျောက်နုတ်၍ ရွက်တိုက်သွားရာ အလံဘူရွာတွင် သင်္ဘော ကျောက်စွဲ၍ အိပ်နေကြသည်။ အလံဘူရွာမှာလည်း ဦးချွန်း၊ ဦးနိမ့်၊ ပဲ့ကျယ်၊ ပဲ့မြင့် ၉ တောင် ၁၀ မိုက် မြန်မာလှေတကင်းသဏ္ဌာန်ကဲ့သို့ အကြီး အငယ် အများရှိသည်။

### ၉ ရက် သောကြာနေ့။

နံနက် ၆ နာရီအချိန်ကို ကျောက်နုတ်၍ ရွက်တိုက်သွားရာ နံနက် ၈ နာရီအချိန်တွင် မရန်ဘူရွာသို့ ရောက်သည်။ မရန်ဘူရွာမှာလည်း အထက်ဆိုကဲ့သည့်နည်းတူ သစ်သားပျဉ်ပြား ပြသည်။ တိုက်မြင့်လည်း ရှိသည်။ ယျှုံးတိုက်၊ အုန်း၊ ထန်း၊ စွန်ပလွံ၊ လယ်ခင်းနှင့် ရွာကြီး ဖြစ်သည်။

၄င်းနေရာက ကျောက်နုတ်ပြန်၍ ရွက်တိုက်သွားပြီးလျှင်၊ ဘတ်ဗဇာ ရွာအထက်မှာ ညဉ့် ၇ နာရီအချိန်တွင် ကျောက်စွဲ၍ အိပ်နေကြသည်။ ဘတ်ဗဇာရွာမှာလည်း မီးစက်နှင့် အဝတ်ရက်သည်၊ အရက်ချက်သည်၊ သကြားချက်သည်၊ ပုံရိုက်စက္ကူ လုပ်သည်။ ဈေး၊ ဥယျာဉ်ပန်းမန်၊ လယ်ခင်း။ လယ်မြေနှင့် နုပျိုသာယာစွာ တိုက်များလည်း ရှိသည်။

mgyoe.com

mgyoe.com ၁၀ ရက် စနေနေ့။ SAMPLE BOOK

နံနက် ၁၀ နာရီအချိန်တွင် ကျောက်နုတ်၍ ရွက်တိုက်သွားရာ ကုမ္ဗဏီဥယျာဉ်တော်ကို မြင်သည်။

၄င်းနေ့။ နံနက် ၁၀ နာရီအချိန်တွင် ဘင်္ဂလား ကာလကုတမြို့၏ ခံတပ်ကို တွေ့မြင်၍ မြို့ကာလဝံကတ်ဆိပ်မှာ ကျောက်ချသည်။ ခံတပ်တွင်လည်း သစ်သားပျဉ်ပြားပြ တိုက်မြင့် ၁၊ မြို့မလယ်မှာ တိုက်မြင့်ပေါ်က သစ်သားပျဉ်ပြားပြ ၁ ရှိသည်။ မြို့ဆိပ်တွင်လည်း သင်္ဘော ၃ ပင်တိုင်, ၂ ပင်တိုင်, ၁ ပင်တိုင် နေ့,ညဥ့်မပြတ် ထွက်ဝင်ရှိနေသည်။ သင်္ဘောအရေအတွက်လည်း ၉၀၀ ကျော် ၁၀၀၀ ခန့် ရှိပါလိမ့်မည်။ ရဲလှေ, သမ္ပန်-လှေကြီး, လှေငယ်တို့မှာလည်း မြစ်လုံးပြည့်မျှ များပြားရှိပါသည်။ အထက်ဂင်္ဂါမြစ်ညာမြို့များက စုန်ဆင်းလာရောက်လျက် ရှိသည်။ လှေတို့မှာလည်း လှေဦးတွင် မိန်းမရုပ် လုပအောင် ပြုပြင်လုပ်ကိုင်ထားသည့် လှေလည်း အများရှိပါသည်။ ယန္တရားစက်ရဟတ်ကဲ့သို့ ထူးမြတ်စီမံ လျင်မြန်သောမီးသင်္ဘောကြီး ၆ စင်းဖြင့် သစ်သားမပါ သံကို ပကတိ တည်လုပ်သည်မှာ ရေချွန်ဆက် ရာဇတိုင်, တကူဦးပတ်, မိကျောင်းစွန်း မြီး, ကျွဲပေါင်း, ပျဉ်ကပ် ပေါင်းလက်မိုး နံကာများမှာ သစ်ပျဉ်မပါ သံကို သာ တည်လုပ်သည် မီးသင်္ဘော ၄ စင်းရှိသည်။ ကုန်းပေါ်တွင် တည်လုပ်ဆဲ သင်္ဘော ၂ စင်း မြင်ရပါသည်။ ဘင်္ဂလားအရှင် စီးနင်းတော်မူသည့် မီးသင်္ဘော ၁ စင်းမှာ ရွှေတိ မွမ်းမံခြယ်လှယ်စီစဉ်၍ စက်ရှင်ရဟတ်နှင့် လျင်မြန်ထူးဆန်း လှပသည်။ ရွှေသမ္ပန်မှာလည်း လက်လှည့်စက်နှင့် လှည့်ပတ်၍ ရောက်လိုရာသို့ လျင်မြန်စွာ သွားသည်။ စီးတော်မူသည့် ရွှေလှေ, ရွှေသမ္ပန် မွမ်းမံခြယ်လှယ်၍ အများရှိပါသည်။

ကမ်းမမြင် အစဉ်နေ့,ညဥ့် မီးဖြူ,မီးဝါပြ၍ ကျောက်ချစောင့်နေသည်။ သင်္ဘောဇော်ရာဖော့ကို ရေကြောင်းအစဉ်အလိုက် ချထားသည်။ ကာလကုတမြို့ရောက် ဇော်ရာဖော့ပေါင်း ၂၈၊ ပင်လယ်ဝ ဂင်္ဂါသာခတ်

mgyoe.com

ကမ်းက အကြောင်းရှိမဲ့ သင်္ဘောထွက်ဝင် သွားလာသည်ကို လျင်မြန်စွာ သိရအောင် အလံတိုင်စေတီသဏ္ဍာန်ကဲ့သို့ အပေါ်က သစ်သားပျဉ်ပြားပြ၍ အစဉ်လိုက် တစ်လျှောက်လုံး မြို့ရောက် ထားသည့် တိုက်မြင့်ပေါင်း ၇ တိုက် တွေ့မြင်လျက် ရှိပါသည်။

ကျိုက္ကမီဝ ဇော်ရာဖော့ကကို ရေကြောင်းလမ်း ကမ်းမမြင် ဘင်္ဂလားဝ မီးပြသင်္ဘော ဇော်ရာချထားသည့်ဖော့ရောက် အင်္ဂလိပ်တိုင်ပေါင်း ၆၃၅ တိုင်။ ဘင်္ဂလားဝ မီးပြသင်္ဘော ဇော်ရာဖော့ကကို အလံတိုက် ဂင်္ဂါသာခက် ကမ်းရောက် တိုင်ပေါင်း ၂၉ တိုင်။ မီးပြအလံတိုက် ဂင်္ဂါ သာခက်ကကို ဘင်္ဂလားမြို့ဆိပ်ရောက် တိုင်ပေါင်း ၆၉ တိုင်။ ၃ စု တိုင်ပေါင်း ၇၃၃ တိုင် ရှိပါသည်။

အင်္ဂလိပ် ၁ တိုင်လျှင် ကိုက်တောင် တာပေါင်း ၁၇၆၀။ ၂ တောင် လျှင် ၁ ကိုက် ဖြစ်သည်။ ၁ တိုင်လျှင် တောင်ပေါင်း ၃၅၂၀ ရှိပါသည်။

၁၀ နာရီအချိန်တွင်[၁] ကာလဝံကတ်ဆိပ် သင်္ဘောကတက်၍ တာပေါင်း ၁၅၀ ကွာ ဘင်္ဂလားအရှင် အိမ်တော်တိုက်ကြီးဝင်လမ်း အနောက် မြောက်ထောင့်မှာ ၃ ဆင့်တိုက်ကြီး အမည်လှော်လင်ပေလင်တိုက်မှာ ဝန်ကြီးမင်းသခင်နေနှင့် သည်တိုက်အိမ်တွင် အတူနေကြရပါသည်။

---

၁။ မူလမြန်မာစာ၌ 'တစ်ဆယ့်နှစ်နာရီ' ကို ပြင်ထည့်သည်။

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ၃
## အင်္ဂလိပ်သူဌေးကြီး ရွှေ၊ ငွေ၊ ကျောက် တန်ဆာပလာလုပ်သည့် ပန်းထိမ်တိုက်ဆိုင်သို့ ကြည့်မြင်ရသည့်အခန်း

'ဘင်္ဂလားအရှင် မရှိ။ လေခံ[၁]ကြွသွားတော်မူသည်ဖြစ်၍ မရောက်မီ၊ ထူးဆန်းကြီးကျယ် ဆန်းပြားလှပသည့် အင်္ဂလိပ်သူဌေးဆိုင် ပန်းထိမ်လုပ်ကိုင်သည့်တိုက်ကို ပြသမည်။' ခေါ်တော်မူ၍

**တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် အင်္ဂါနေ့။**

နံနက် ၁၂ နာရီ အချိန်ကို ပါလကျီပေါင်း စီးပြီးလျှင်၊ အခွန်တော်ဝန်မင်း မောင်ရွှေထွန်း၊ ကျိုင်းချောင်းခေါင်းချုပ် မောင်ကျိုင်း၊ နောက်ပါလူငယ်တို့နှင့် လိုက်သွားရာ တိုက်အိမ်သို့ရောက်၍ မြင်ရသည်မှာ တိုက်တွင် ၄ တောင်ခန့် မှန်ကြီး ၄ ချပ်ကို ၄ မျက်နှာ သမသတ်ဆိုင်၍ ထောင်ထားသည်။ အင်္ဂလိပ်မင်းမိန်းမ၊ ယောကျ်ားတို့ သုံးဆောင်ဝတ်ဆင်သည့် ရွှေတန်ဆာ၊ ငွေတန်ဆာ ဘယက်၊ လက်ကောက်၊ လည်ဆွဲ၊ နားကပ်၊ စိန်၊ မြ၊ ပတ္တမြား၊ ပုလဲ၊ သန္တာ၊ နီလာ၊ နဂါးသွဲ့၊ ကျောက်မျိုးအစုံနှင့် စီစဉ်၍ နာရီ၊ မှန်ပြောင်း ခင်းကျင်း တည်ထား အများရှိပါသည်။

ပုလဲ ၁ မြင်ရသည်မှာ အလုံး လက်မခန့်-အရှည် ၆ သစ်ခန့် လူတို့မပြုမပြင် ပကတိဖြစ်နေသည့် ကိုယ်၊ လက်၊ မျက်နှာ၊ ခေါင်းများမှာ ယဉ်ကျေးနူးညံ့သည့် မိန်းမမျက်နှာလူရုပ်သဏ္ဍာန် ကဲ့သို့ ရှိသည်။ အမြီးမှာ ငါးကြင်းအမြီးကဲ့သို့ ရှိသည်။ မမြင်စဖူး ထူးဆန်း လှပသည် ဖြစ်သောကြောင့် ဝန်ကြီးမင်းသခင်ကို လျှောက်ထားရာ၊ 'ငါးကြင်း ဝမ်းထဲက သံသေဒ၏[၂]

၁။ 'လေးညင်းခံ'

၂။ 'သန္ဓေတစ' ကို ပြင်ထည့်။ သံသေဒဇ = မိခင်ဝမ်း၌သန္ဓေမနေဘဲ အညှိ၌ဖွဲ့၍ ဖြစ်သောသတ္တဝါ။

mgyoe.com

ဖြစ်၍ရသောပုလဲ ဖြစ်သောကြောင့် အဖိုးငွေ ဒင်္ဂါး ၁ သိန်းထိုက်ကြောင်း။'
ကို အမိန့်ရှိသည်။

ပန်းထိမ်လုပ်ကိုင်သည့် တိုက်ကြီးအခန်းတွင်းသို့ ဝင်ကြည့်သော်၊ အင်္ဂလိပ်သခင် ၁ ပါး စီရင်၍ ဘင်္ဂါလီလူမျိုး ၁၀၀ ကျော်ခန့် စက်နှင့် အထည် တန်ဆာများကို လုပ်ကိုင်ကြသည်။ စက်မပါ အလွတ် ရွှေ, ငွေ, ကျောက်, စိန်, ပတ္တမြားတို့ကို ထုလုပ်စီကွင်း ပြုပြင်လုပ်ကိုင်၍ နေကြသည်။ ထိုတိုက်တွင် ဆိုင်မှာ ကြည့်ရှုပြန်သော်၊ မပြင်စဖူးလုပ်ကိုင်၍ထားသော ရွှေ, ငွေ, ကျောက်သံပတ္တမြားတို့သည် အလွန်များပြားသောကြောင့် အစီရင်ခံရာ၊ ''ဤတိုက်တွင် မြင်သမျှတို့သည် အဖိုးငွေ ဒင်္ဂါး ၁ သန်းကျော်ထိုက်သည်။ သည်ကဲ့သို့တိုက်ဆိုင် အများရှိသည်။'' ကို အမိန့်ရှိ၍ သိရပါသည်။ ၁ နာရီကျော်ခန့် ကြည့်ရှုပြီးလျှင် နေရင်းတိုက်သို့ ပြန်လည်လာခဲ့သည်။

## ၄
## ဘင်္ဂလားအရှင် လေညင်းခံကြွတော်မူခိုက် မတွေ့မီ အိမ်တော်တိုက်ခန်း အဆင့်ဆင့်များကို ဝင်ကြည့်၍ မြင်ရသည့်အခန်း

၄င်း နတ်တော်လဆန်း ၂ ရက်နေ့

စနေနေ့။ ၁၀ နာရီအချိန်[၁] တွင် ဘင်္ဂလားအရှင်အိမ်တော်အတွင်းမှာ စီရင်ခင်းစီရင်ဖွယ်ရှိလျှင် အတွင်းဝန်ကဲ့သို့ စီရင်ကုန်နိုင်သည့်[၂]မင်း တစ်ပါး ဝန်ကြီးမင်းသခင်ထံ လာရောက်၍-

''ဘင်္ဂလားအရှင် လေခံကြွသွားတော်မူရာ မလာမရောက်မီ စံနေတော်မူသည့် တိုက်အိမ်တော်မှာ ထူးဆန်းကြီးကျယ်လှပသည်။ မော်လမြိုင်မြို့က အတူပါသည် ကျွန်တော်မျိုးအရာရှိတို့ မတွေ့မမြင်ဖူးသည်ကို တွေ့မြင်ရအောင် ပြသပါမည်။''

၁။ မူလမြန်မာစာ၌ 'တဆယ်နှစ်နာရီအချိန်' ကို ပြင်ထည့်။
၂။ မူလမြန်မာစာ၌ 'စီးရင်တုံးမိတ်သည်' ကို ပြင်ထည့်။

mgyoe.com

mgyoe.com

ဝန်ကြီးမင်းသခင်ကို ပြောဆိုခေါ်ရာ၊ ရထားစီး၍ ဝန်ကြီးမင်းသခင်နှင့်အတူ အခွန်တော်ဝန်မင်း မောင်ရွှေထွန်း၊ ကျိုင်းချောင်းခေါင်းချုပ် မောင်ကျိုင်း၊ နောက်ပါလူတို့ပါ တိုက်အိမ်တော်သို့ဝင်၍ ကြည့်မြင်ရကြသည်။

အနောက်ဘက်ဝင်းတော်မှာ အုတ်ပလ္လင်[၁]မြောက်ပြီးလျှင် ၄ မြောင့်သံတိုင် အရှည် ၅ တောင်ခန့် အဖျားမှာ လှံကဲ့သို့ သံဝင်း ကာသည်။ မုခ်ကူး တံခါးကြီးအလယ်မုခ်ပေါ်တွင် ကျားခြသေ့်[၂]ရုပ်ကဲ့သို့ အရုပ်ကြီး ၁၊ မုခ်နား တစ်ဖက်တစ်ချက် ကျားခြသေ့်ရုပ်-၂ကောင်၊ တံခါးမုခ်ပေါ်တွင်လည်း အရုပ် ၃ ကောင် ရှိသည်။ ဝင်သွားရာ မုခ်တံခါးတွင်းသို့ရောက်လျှင် လမ်း အနံ အတောင် ၂၀ ခန့်၊ ကျောက်တိုင် တစ်ဖက်တစ်ချက် အရှည် ၄ တောင်ခန့် စိုက်ထား၍၊ မုခ်တံခါးဝက တာပေါင်း ၃၀ ခန့် တိုက်အိမ်တော်လှေကားထိပ် တစ်ဖက်တစ်ချက် သံကြိုးသွယ်၍ ထားသည်။

လူငယ်တို့ကို အောက်ဆင့်လှေကားဝတွင် နေရစ်စေ၍ ဝန်ကြီးမင်းသခင်ကို ကြိုလာသည့် အရာရှိမင်း တစ်ပါး ဝန်ကြီးသခင်နှင့်အတူ အခွန်တော်ဝန်မင်း မောင်ရွှေထွန်း၊ ကျိုင်းချောင်းခေါင်းချုပ် မောင်ကျိုင်း၊ စာရေးမောင်ရွှေကို၊ ပန်းချီဆရာမောင်ရွှေလေးတို့ပါ တက်၍ကြည့်သော်၊ လှေကားအတက် ဖန်အိမ်အနည်းနည်း[၃] တစ်ဖက်တစ်ချက်စီ ဆွဲလျက် လှေကားဆုံးအောင်အများရှိပါသည်။ အပေါ်အလယ်အဆင့်သို့ ရောက်ပြန်လျှင် ခင်းသောကျောက်မဟူရာ၊ အဖြူ၊ အပြာ ကြိုးစပ်လျက် အရောင်အဆင်းနှင့် အလွန်လှပသည့် ကျောက်ပြားကို တံတောင်ခန့်ခိုနန်းချိုးအပြည့် စီလျက်ခင်းထားသည်။ အခန်းအတွင်းတွင်ရှိသော အရာများကို မြင်ရသည်။ ရွှေကုလားထိုင်အများ၊ အိပ်တော်မူသည့်သလွန်မှာ ထူးဆန်းသော ကတ္တီပါ၊ ဖဲ၊ မော်သော်[၄]ပုံရိုက်များ

---

၁။ 'ဥပလ္လင်' ကို ပြင်ထည့်။

၂။ 'ခြသေ့ရုပ်ပင်ဖြစ်ပေမည်။ မြန်မာကနုတ်အဆင်တန်ဆာ မပါ၍ 'ကျားခြသေ့ရုပ်' ဟု ရေးဟန်တူ။

၃။ 'ဖန်အိမ်အမျိုးမျိုး' ဟုယူ။

၄။ 'မျှော်လျှော်' ကို ပြင်ထည့်။

mgyoe.com

ကို လှပအောင် ဆင်ယင်၍ထားသည့် သလွန်တော်လည်း အများရှိသည်။ အဖြူခံယပ်ကြီးမှာ ပန်းမန်ဆေးစုံခြယ်လှယ်လျက် တစောင်းလည်စွဲ၍ လေခံယပ်ကြီးထားသည်။ ၈ လုံး, ၆ လုံး, ၃လုံးလည်း ၃ ဆင့်, ၄ ဆင့် မီးထွန်းညှိသည့် ဖန်ပဒေသာအများ ရှိပါသည်။

ဤကဲ့သို့ အခန်းပတ်လည်အများကို ကြည့်ရှုပြီးလျှင် အလယ်ခန်းမ တွင်းမှာ ၆ တောင်ခန့် တစ်ဖက်တစ်ချက် မှန်ကြီး ၂ ချပ်ကို သမသတ်ဆိုင် ၍ ထောင်ထားသည့် ရွှေမှန်ကြီးလည်း ၄ ချပ်ရှိသည်။

အလွန်နူးညံ့လှပသော ကျောက်ဖြူကိုယ် ရုပ်ပုံထား၍ အရှေ့, အနောက် တစ်ဖက်တစ်ချက် အရုပ် ၆ခုစီ မျက်နှာချင်းဆိုင် ပြိုင်လျက်ထား သည့်ရုပ်ပုံလည်း ၁၂ ခု ရှိပါသည်။ အထက်မျက်နှာကြက်မှာ ရွှေဆေးစုံ မွမ်းမံခြယ်လှယ် လှပလှသည်။ အဖြူခံယပ်ကြီးကို ပန်းဆေးစုံခြယ်လှယ် တစောင်းလည်ဆွဲ၍ လေခံယပ်ကြီးကလည်း ဆွဲထားသည်။ ဖန်ပဒေသာ, ရွှေကုလားထိုင်, သလွန်တော်များလည်း အများရှိပါသည်။

ထုလုပ်၍ထားသော ရုပ်ပုံနေရာ လှပထူးဆန်းလှသောကြောင့် ဝန်ကြီးမင်းသခင်ကို အစီရင်ခံသော်၊ ဝန်ကြီးမင်းသခင်က

"ဤရုပ်ပုံသည် သမုဒ္ဒရာပင်လယ်မှာ ပရံသိလူမျိုး[၁]တို့နှင့် တွေ့ကြုံ ၍ ဆိုင်ပြိုင်တိုက်ခိုက်ရာတွင် သူတို့သင်္ဘောကို နိုင်သဖြင့် သင်္ဘောပေါ်မှာ ပါလာသောရုပ်ပုံဖြစ်သည်။ ဤရုပ်ပုံသည် တိုင်းနိုင်ငံများကို အစိုးရတော်မူ သော ဘုရင်များ၏ ရုပ်ပုံသဏ္ဌာန် ဖြစ်သည်။ ထိုနေရာသည် မင်းမိန်းမ, မင်းယောကျ်ားသခင်များ ပွဲသဘင် တီးမှုတ်ပျော်ပါး စံစားကြသောနေရာ ဖြစ်သည်။"

မြောက်ဘက်အခန်းမကြီးမှာလည်း မမြင်စဖူးလှပသော ကော်ဇော ကြီး အလျား အတောင် ၃၀ ခန့်-အနံ အတောင် ၁၆ ခန့် ခင်း၍၊ ရွှေကုလားထိုင်, သလွန်တော်အများနှင့် ဖန်ပဒေသာ စီဆွဲလျက်ရှိသည်။

---

၁။ ပြင်သစ်လူမျိုး

mgyoe.com

ပွဲတော်တည်သည့် စားပွဲကြီး ခင်းသည့်နေရာ ဖြစ်သည်။ အထက်မျက်နှာကြက်မှာလည်း ထိုခန်းမနည်း မွမ်းမံခြယ်လှယ်၍ လေခံယပ်ကြီးလည်း ဆွဲထားလျက် ရှိသည်။ ထိုကမှ အသွယ်သွယ်သောအခန်းတို့သို့ ဝင်၍ ကြည့်ပြန်သော်၊ ထိုနည်းတူ အများခင်းကျင်း မွမ်းမံခြယ်လှယ်၍ ရှိသည်။

အလယ်ဆင့်အခန်းများကို ကြည့်ရှုပြီးလျှင် အပေါ်ဆင့်သို့ တက်သွားရာ၊ အလယ်ဆင့်မှာ ကြည့်ရှုမြင်ခဲ့သည့်တည်းတူ အပေါ်ဆင့်မှာလည်း အသွယ်သွယ်အဝဝ အခန်းအများ မွမ်းမံခြယ်လှယ်၍ ရွှေကုလားထိုင်, သလွန်တော်, ဖန်ပဒေသာအများ ယပ်ကြီးဆွဲလျက် ရှိသည်။ ခန်းမကြီးမှာလည်း ကော်ဇောကြီး အလျား အတောင် ၃၀ ခန့်-အနံ ၁၆ တောင်ခန့်ကို ခင်း၍၊ မှန်ကြီး ၆ တောင်ခန့် ၄ ခုကို တစ်ဖက်တစ်ချက် သမသတ်ဆိုင်၍ ထောင်ထားသည့် ရွှေမှန်ကြီးလည်း ၈ ချပ် ရှိသည်။ မျက်နှာကြက်မှာ ရွှေဆေးစုံခြယ်လှယ်၍ ရွှေပန်းဆိုင်း ဆွဲသကဲ့သို့ တွေ့မြင်ခဲ့သည်။ အောက်ဆင့်ထက် သာလွန်၍ထူးဆန်းလှပသည်။ ထိုနေရာလည်း မင်းမိန်းမ, မင်းယောကျ်ားသခင်များတို့သည် ပွဲသဘင် တီးမှုတ်ပျော်ပါး စံစားကြသောနေရာ ဖြစ်သည်။

မြောက်ဘက်အခန်းမကြီးမှာလည်း ထိုနည်းပင် မွမ်းမံခြယ်လှယ်ခင်းကျင်းရှိသည်။ ၎င်းနေရာက ဗြဲတိုက်အဆောင်ကဲ့သို့ အခန်းအတွင်း မြင်ရသည်မှာ ပရံသိဘုရင်ရုပ်ပုံ, မိဖုရား၏ရုပ်ပုံ၊ အင်္ဂလိပ်ဘုရင်၏ရုပ်ပုံ, မိဖုရား၏ရုပ်ပုံတော်များကို ဆင်ယင်ခြယ်လှယ်ရေးသား၍ ထားသည်ကို မြင်ရသည်မှာ အသက်ဝိညာဉ် အရှင်ပကတိကဲ့သို့ပင် ရှိသည်။

ထိုနေရာမှတစ်ဖန် ညီလာခံအခန်းကဲ့သို့ ဝင်၍ကြည့်ရှုပြန်သော်၊ အင်္ဂလိပ်ဘုရင်၏ရုပ်ပုံတော်, ဘင်္ဂလား, မာဒရပ်, ဇိနပွတ္တံ တေပူဘုရင်ကို တိုက်ယူရခဲ့သော ဗိုလ်ဗိုလ်စစ်ဘုရင်မင်း၏ရုပ်ပုံသည် ယခုတိုင်အောင် ဘင်္ဂလားအရှင်၏ရုပ်ပုံအစဉ်အလိုက် ရှိသည်။ တေပူဘုရင်မှစသော သားတော်များနှင့်တကွ ရုပ်ပုံတော် ရေးထားလျက်ရှိသည်။ ရုပ်ပုံတော်များမှာ ဆေးစုံ

mgyoe.com

ခြယ်လှယ်၍ ရေးထားသည်ကို ရုတ်တရက် ရှောင်တခင်မြင်ရလျှင် အသက်ဝိညာဉ် သွင်းထားသကဲ့သို့ လူပကတိစင်စစ် ထင်ရသည်။ ကြာမြင့်စွာ ကြည့်မှသာလျှင် ရုပ်ပုံရေးထားကြောင်းကို သိရသည်။

ညီလာခံအခန်းမှာ ရာဇပလ္လင်ကဲ့သို့ မွမ်းမံခြယ်လှယ်၍ အလယ်မှာ တည်ထားပြီးလျှင် အနားက ဝိုင်း၍ ရွှေကုလားထိုင်အများ စီလျက်ထားသည်။

ရွှေ မမွမ်းမမံ မဆင်မယင် အလွတ်ကုလားထိုင် ၁ ခု, စာရေးခုံ ရှိသည်ဖြစ်၍ ဝန်ကြီးမင်းသခင်ကို အစီရင်ခံသော်၊ ဝန်ကြီးမင်းသခင်က

"ဤ နေရာထိုင်ရာတို့သည် တိုင်းရေးပြည်မှု အခမ်းကြီးအနားကြီးတို့ တိုင်ပင်ရန်ရှိလျှင် မှူးမတ်, အရာရှိမှုစသော အင်္ဂလိပ်မင်းများတို့သည် ရွှေကုလားထိုင်မှာ ထိုင်နေကြရသည်။ မခြယ်မလှယ်သောကုလားထိုင်မှာ ဘင်္ဂလားအရှင် ထိုင်တော်မူသည်။ စာရေးခုံမှာ လွှတ်တော်စာရေးကြီး ထိုင်နေရသည်။ တိုင်းရေးပြည်မှုကို ညှိနှိုင်းတိုင်ပင်ပြီးလျှင် ဘင်္ဂလားအရှင် အမိန့်တော်ရှိရာ လွှတ်တော်စာရေးကြီးက အမိန့်အရ ရေးမှတ်ရသည်။ ထိုနေရာလည်း တိုင်းရေးပြည်မှုအခမ်းကြီးအနားကြီး အကြောင်းရှိရာတိုင်ပင်၍ အမိန့်တော်ထုတ်သည့်နေရာ ဖြစ်သည်။"

အဆင့်ဆင့်အသွယ်သွယ် အမြောင်းမြောင်း အခန်း ၄၀ ကျော်ခန့်ကို ကြည့်ရှုပြီးလျှင် ဆင်းလာခဲ့ရာ တိုက်အလယ်မှာ စေတီလုံးကြီးကဲ့သို့ ရှိသည်။ ထိုအလုံးပေါ်မှာ ထီးစောင့်နတ် မတ်တတ်ရပ်လျက် ဒိုင်းတစ်ဖက်, လှံတစ်ဖက် ထောင်ကိုင်၍ ရပ်နေသည်။ ထိုအရုပ်ကို ကြည့်လျှင် အရုပ် ၄ မျက်နှာပင် မျက်နှာလှည့်ကြည့်သကဲ့သို့ မြင်ရသည်။

ဝင်းအနောက်မျက်နှာက မုခ်တံခါးကြီးပေါ်မှာ ကျားခြသေ့ရုပ်ရှိသည့် မုခ်တံခါးကြီး ၂၊ မြောက် မျက်နှာက အုတ်ပလ္လင်မြောက်၍ သံတိုင်ဝင်းနှင့် တံခါး ၂၊ အရှေ့မျက်နှာမှာ မုခ်ဂူတံခါးပေါ်တွင် ကျားခြသေ့ရုပ် ၃ ခုနှင့် တံခါးပေါင်း ၇ ခု ရှိသည်။

mgyoe.com

mgyoe.com

ဝင်းတော်နားတွင် ရေကန်ကြီး ရှိသည်။ ထိုရေကန်၏ရေကို စက်နှင့်လှည့်ပတ်၍ ဝင်းတော်ပတ်လည်ကို သုံးဆောင်ဆွတ်ဖျန်းသည့် ရေကန်ကြီးလည်း ရှိသည်။ တောင်မျက်နှာက အုတ်ပလ္လင်ပွတ်လုံးတိုင်ကဲ့သို့ ဝင်းနှင့် ဖြစ်သည်။ စံနေတော်မူသည့် အိမ်တော်၏ဝင်းပတ်လည်, တံခါးဝ, တိုက်အိမ်တော်အတွင်းများမှာ ဗိုလ်စစ်ပါရီအမှုထမ်းတို့သည် သေနတ်လက်နက် အစုံနှင့် စောင့်ရှောက်နေကြရသည်။

ဘင်္ဂလားအရှင်အိမ်တော်ကို ၁ နာရီကျော်ခန့်မျှ ကြည့်ရှုပြီးလျှင် နေရင်းတိုက်အိမ်သို့ ပြန်လည်လာခဲ့သည်။

## ၅
## ခံတပ်မြို့သို့ ဝင်၍ ပြသတော်မူရာ ကြည့်မြင်ရသည့် အခန်း

**ငှင်း နတ်တော်လဆန်း ၅ ရက် အင်္ဂါနေ့။**

နံနက် ၁၁ နာရီအချိန်တွင် ဝန်ကြီးမင်းသခင်နှင့်အတူ တစ်လိုင်းဗိုလ်ဘက်သခင်, အခွန်တော်ဝန်မင်း မောင်ရွှေထွန်း, ကျိုင်းချောင်းခေါင်းချုပ် မောင်ကျိုင်း, ပန်းချီဆရာ မောင်ရွှေလေး, ဆေးသမား ဆရာမောင်ကြွက်တို့ပါ ရထားစီးပြီးလဆင် ခံတပ်မြို့သို့ ဝင်၍ ပြသတော်မူရာ ကြည့်ရှုမြင်ရသည်မှာ အုတ်တပ် ၁ ထပ် မုခ်ကူးတံခါး ၂ တန်, မုခ်လွတ်တံခါး ၂ တန်, ကျုံး ၁ ထပ် မြို့ခိုနန်းချိုး ဝင်သွားရ၍ မြို့မလယ်တွင် ၃ ဆင့်တိုက်တန်းကြီး ရှိသည်။ ထိုတိုက်တန်းရှေ့တွင် ရထားကို ရပ်ဆိုင်းပြီးလျှင် လက်နက်တိုက်စိုးသခင် တစ်ပါး ကြိုဆိုခေါ်၍ တက်ကြည့်ရာ၊ သေနတ်ကြီးငယ်များကို ၅ ဆင့်စီ ထောင်ထားသည့်သေနတ်လည်း ထားသည်။ အလိုက်သင့် ဝိုင်း၍စီကပ်လျက် ထားသည့်သေနတ်လည်း ထားသည်။ ဓား, လှံကိုလည်း ဤကဲ့သို့ စီထောင် ဆွဲထားသည်။ တိုက်လှံ, အောင်လှံ အနည်းနည်းများကိုလည်း အရန်သင့်အောင် ထောင်ထားသည်။ ချောမော စင်ကြယ် ပြောင်လက်စွာ ပွတ်သပ်လှပ စီထောင်ဆွဲထားသည်။

mgyoe.com

mgyoe.com

လက်နက် အလွန်များပြား၍ ဝန်ကြီးမင်းသခင်ကို အစီရင်ခံရာ၊ ဝန်ကြီးမင်းသခင်က

"ကုလားဖြူဂေါ်ရာအမှုထမ်းတို့ကိုင်သည့် လက်နက်ပြင် အရေးအကြောင်းရှိ၍ လိုလျှင် ကောက်ကာငင်ကာ ရအောင်ထားသည့် သေနတ်ပေါင်း ၆ သောင်းကျော် ရှိသည်။ ဓား၊ လှံများလည်း ထိုနည်းပင် အများအပြားရှိသည်။"

အတိုင်းတိုင်း အပြည်ပြည်များတို့ကို တိုက်ယူ၍ ထိုမင်းတို့စွဲကိုင်သည့် လှံ၊ သန်လျက်၊ ဓား အနည်းနည်းပြသသည်ကိုလည်း မြင်ရ၍ ဆင်းလာခဲ့ရာ၊ တိုက်အောက်တွင် အမြို့မြို့အပြည်ပြည်များကို တိုက်ယူခဲ့၍ စီခင်းထားသည့် အမြောက်ကြီးငယ်အများ ပြသသည်ကိုလည်း မြင်ရသည်။ ထိုနေရာက တိုက်မြောင်အခန်းခန်းအတွင်းသို့ ဝင်ပြရာ ဗုံး၊ အမြောက်၊ သေနတ် လက်နက်ကိရိယာ လုပ်ကိုင်ပြင်ဆင်ရန်ရှိသမျှကို အကြောင်းရှိ၍ ပြင်ဆင်ရန်လိုအပ်လျှင် အလျင်အမြန် ကောက်ကာငင်ကာ ရလွယ်အောင် တိုက်ခန်းအတွင်းတွင် အသင့်စုပုံလျက် လက်နက်တန်ဆာလည်း အများရှိပါသည်။ တိုက်ကြီးအောက်ဆင့်တွင် သစ်တာ[၁]အထပ်ထပ် မျက်စိတဆုံးခန့် များပြားသောကြောင့် အစီရင်ခံရာ၊

"ယမ်း၊ ခဲ လက်နက်ကိရိယာ ထည့်ထားသောသစ်တာ ဖြစ်သည်။ ထိုသစ်တာများလည်း အာသံတပ်တော်သို့ ပို့ရန်သစ်တာများ ဖြစ်သည်။" - ဟု အမိန့်ရှိ၍ သိရပါသည်။

ထိုနေရာနှင့်တစ်ဆက်တည်း တိုက်တန်းကြီးသို့ တက်၍ကြည့်သော်၊ အမှုထမ်းလက်နက်ကိုင်တို့ ဝတ်ဆင်ရန်အဝတ်တန်ဆာ၊ တပ်ကိရိယာ၊ အထည်အလိပ်အများ ပြသ၍ မြင်ရပါသည်။

---

၁။ 'သေတ္တာ'ဟုမရေး။ 'ပူတာခေါင်းရှက်' ဟု ထည့်စရာတစ်မျိုး၏အခေါ်ကို ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၌ တွေ့ရ။

mgyoe.com

mgyoe ပြသကြည့်ရှုပြီးလျှင်၊ ထိုတိုက်မှ ဆင်းသွား၍ အင်္ဂလိပ်မင်းများတို့ တရားနာသော သိမ်ကျောင်းတိုက်ကို ဝင်ကြည့်ရာ၊ ထိုတိုက်အတွင်း အရှေ့မျက်နှာအပေါ်က အလွန်လှပသော နတ်သား ၄ ယောက်တို့၏ ရုပ်သဏ္ဍာန် ရှိ၏။ အောက်မှာလည်း ရဟန္တာကြီး ၄ ပါး ရေးထားလျက်ရှိသည်။ အနောက်မျက်နှာကလည်း အလွန်လှပသော ၄ ပါး ရေးထားလျက်ရှိသည်။ အင်္ဂလိပ်မင်းတို့ ဘုရားသခင်ကို ရှိခိုးကိုးကွယ်ရန် ဤသို့သော သိမ်ကျောင်းတိုက်အစရှိသော ရုပ်ပုံသဏ္ဍာန်များတို့ကို တည်လုပ်ရေးထားသော အရာများတို့ကို ကြည့်ရှုမြင်ရသောအခါ၊ လူပင် တည်လုပ်ရေးထားသောအရာဖြစ်သော်လည်း 'လူသည် ထိုကဲ့သို့မဖြစ်နိုင်။' -ဟု ထင်မှတ်မိပါသည်။

ထိုအရာများတို့ကို ကြည့်ရှုပြီးလျှင် ထွက်လာရာ ၁၀ တောင် - ၁၅ တောင်- အတောင် ၂၀ ခန့် အလျား၊ အနံ၊ အမြင့်၊ အကြီး၊ အလတ်၊ အငယ် အမြောက်ကျည်စေ့ အပုံ ၅၀ ကျော်ခန့် ပုံထားလျက် ရှိသည်။ ကျည်စေ့ပုံအနားတွင် အမြောက်ကြီးငယ် ကရက် လက်နက်အများအပြား စီခင်းလျက် ပုံထားသည်။ ထိုနေရာမှ မြို့ရိုးပေါ်ကို လျှောက်၍ကြည့်ရှုရာ မြို့ရိုးပေါ်တွင်လည်း အမြောက် ၃ ထပ် ပတ်လည်စီခင်းထားသည်။ အမြောက်လည်း အလွန်များပြားသည်။ ကျုံးပြင် မြို့ရိုးပေါ်တွင်လည်း ထိုကဲ့သို့ စီခင်းထားသည်။

ကျုံးတန်းထား[၁]လည်း အရှင် စက်နှင့် ထားသည်။ အကြောင်းရှိလျှင် တန်းထားကို စက်နှင့်လှည့်၍ ပင့်ထားလျှင် ရထား၊ ဆင်၊ မြင်း၊ စစ်သည်ဗိုလ်ပါတို့သည် မကူးမလာနိုင်။ ကျုံးရေကိုလည်း မြစ်က စက်တံခါးနှင့် သွင်းပိတ်သည်။ ရေကို ခန်းစေလိုလျှင် စက်တံခါးကို ဖွင့်လှစ်၍ ခန်းရသည်။ ရေကို ပြည့်စေလိုလျှင်လည်း စက်တံခါးကို ဖွင့်လှစ်၍ ရေ ဖြည့်ရသည်။

---

၁။ 'တံတား'။ တန်း၍ထားသောကြောင့် 'တန်းထား' ဟု ရေးသည်ယူဆရ။

mgyoe.com

ယမ်းတိုက်ကြီးလည်း ကြေး၊ သံ၊ အုတ်၊ မြေပုံနှင့် လုပ်၍ ထူထဲ
mgyoe.com SAMPLE BOOK
ခိုင်ခံ့သည်။ အမြောက်ဆံနှင့် ပစ်ဖောက်သော်လည်း မပြိုမပျက်နိုင်ရာ ဖြစ်ပါသည်။

ထိုခံတပ်တွင်လည်း ဂေါ်ရာစစ်ပိုင်းအမှုထမ်းတို့သည် အရေအတွက်အားဖြင့် ၄ သောင်းကျော်ခန့် ရှိလိမ့်မည် ထင်ပါသည်။ ထိုခံတပ် အကျယ်အဝန်းမှာ တာပေါင်း ၄၀၀ ခန့် ရှိပါလိမ့်မည်။ ဂင်္ဂါမြစ်နားမှသည် ထိုခံတပ်အထိ တာပေါင်း ၄၀ ကျော်ခန့် ကွာလျက် ရှိသည်။ အင်္ဂလိပ်မင်းယောက်ျား၊ မင်းမိန်းမတို့သည် ရထား၊ ဆင်၊ မြင်း စီး၍ လေခံသွားသာအောင် အနံအကျယ် တာပေါင်း ၄၀ ခန့် လမ်းကို စီခင်းလုပ်ထားပါသည်။ ဘင်္ဂလားအရှင်အိမ်တော်ကကို ထိုခံတပ်မြို့အရောက် မြင်တာ[၁]နှင့် လမ်းအစဉ်အလိုက် ကာထားသည်။ ထိုခံတပ်ပတ်လည် သစ်ပင် မရှိစေရ။ စစ်မြေတလင်း လုပ်ထားသည်။ ထိုခံတပ်နှင့် ဘင်္ဂလားအရှင်အိမ်တော်သည် တာပေါင်း ၄၀၀ ခန့် ကွာဝေးကြပါသည်။

ထိုခံတပ်တွင် အရပ်ရပ်ကို ၂ နာရီကျော်ခန့်မျှ ကြည့်ရှုခဲ့ပြီးလဆင်နေရင်းတိုက်အိမ်သို့ ပြန်လည်လာကြသည်။ 'ဤကဲ့သို့ မြို့၌ ခံတပ်၊ လက်နက်ကိရိယာအစုံနှင့် စစ်သည်ဗိုလ်ပါ အလုံးအရင်းအများတို့သည် ဘင်္ဂလားအထက်တစ်လျှောက် မြို့ကြီးများမှာလည်း အသီးသီး ရှိကြသည်။ ခံတပ်ပေါင်း ၇ ထပ် ရှိကြောင်း'ကို ဝန်ကြီးမင်းသခင် အမိန့်ရှိ၍ ကြားသိရပါသည်။

---

၁။ 'မြင်တာ'သည် 'မြင်းတား'ဖြစ်ဟန်တူသည်။ railing ဟု အင်္ဂလိပ်၌ ပြသည်။ 'လမ်းဘေး အရံအတား' ဟု ယူသင့်။

mgyoe.com

mgyoe.com

SAMPLE BOOK

၆

## မီးစက်နှင့် အမြောက်သွန်းလုပ်သည်ကို တိုက်သို့ဝင်သွား၍ ကြည့်မြင်ရသည့်အခန်း

၄၆။ နတ်တော်လဆန်း ၈ ရက် သောကြာနေ့။

နံနက် ၁၁ နာရီအချိန်တွင် ဝန်ကြီးမင်းသခင်နှင့်အတူ တစ်လိုင်းဗိုလ်ဘတ်သခင်, အခွန်တော်ဝန်မင်း မောင်ရွှေထွန်း, ကျိုင်းချောင်းခေါင်းချုပ်မောင်ကျိုင်း, စာရေးမောင်ရွှေကိုတို့ပါ ရထားပါဥာကျို စီးပြီးလျှင်၊ အမြောက်သွန်းလုပ်သည့်တိုက် ကာစီပူအရပ်သို့ သွား၍၊ ၁၂ နာရီအချိန်ကို ရောက်ကြလျှင်၊ အမြောက်သွန်းလုပ်သည့် စက်ဆရာ, ဗိုလ်သခင်များကို ကြိုဆိုခေါ်၍ ဝင်ကြည့်မြင်ရသည်မှာ တိုက်ကြီး ၃ မျက်နှာရှိသည်။ တစ်တိုက်လျှင် အလျား အတောင် ၂၀၀ ကျော်ခန့်မျှ ရှိသည်။ အလယ်တွင် တိုက်ကြီး ၂ တိုက်၏အလျား အတောင် ၂၀၀ ကျော်ခန့်စီ ရှိသည်။ ထုပ်, လျောက်, ဒိုင်း, ကျားမော့မှာ သံကို ပကတိလုပ်၍ အမိုးမှာ ကြေးနီမိုးသည်။ အနောက်မြစ်ဘက်မျက်နှာက အမြောက်သွန်းလုပ်သည့် စက်ဆရာဗိုလ်သခင်များ နေ၍၊ အရပ်ရပ် ဖိုး, အမြောက်ဖိုးဆံ, အမြောက်ဆံ, သံကြေးတန်ဆာများကို လုပ်ကိုင်ရန် ရှိသည်များမှာ အင်္ဂလိပ်သခင် ၁ ကျိပ်ခန့် စီရင်၍ ဘင်္ဂါလီလူမျိုး ၂၀၀ ကျော်ခန့်တို့နှင့် လုပ်ကိုင်ပြုပြင်သည်။ ထိုတိုက်အိမ်တွင် သံစက်ကြီး ၂၄ စက်ကို စီထားသည်။ ထိုစက်ကြီး ၁ စက် ၁ စက်လျှင် စက်ရန်ပေါင်း ၁၀၀ ခန့်စီ ရှိသည်။ ထိုစက်စုတို့ကို လည်ပတ်ရအောင် မီးစက်ကြီး ၁ စက် ဆင်ထားလှည့်ပတ်စေ၍၊ အမြောက်ကြီးငယ်များကို ဖောက်သည့်စက်က တဖောက်တည်းဖောက်၍ ချောမောသည့်စက်က ချောမောပြီးလျှင်၊ ဖြတ်သောစက်ကလည်း ဖြတ်သည်ကို ကြည့်ရှုမြင်ရပြီးမှ၊ အတောင် ၅၀ ကွာသော အခြားတိုက်ကြီးသို့ ကူးသွား၍ ဝင်ကြည့်မြင်ရသည်ကား အလျား, အနံ, အမြင့် ၁၀ တောင်ခန့် စတုရန်း ၄ ထောင့်ဖိုကြီးမှာ ကြေးကိုထည့်ထား၍ ၁၀ တောင်ကွာခန့်မှာ လုံးပတ် ၈ တောင်,

mgyoe.com

အမြင့် ၁၀ တောင်ဖိုကြီးတွင် ကျောက်မီးသွေးထည့်ပြီးလျှင်၊ မီးစက်ကြီးက သံပြောင်းနှင့် မီးအရှိန်ကို မြေအောက်က သွယ်ယူသွား၍ သံဖိုကို ပူစေပြီးလျှင်၊ ၄င်းသံဖိုက ကြေးကို ကျိုသည်။ ၄ တောင့်ဖိုကြီးကို တစ်တန် ကျောက်မီးသွေးထည့်၍ သံပြောင်းနှင့် မီးရှိန်ကို မြေအောက်က သွယ်ယူသွား၍ သံ၊ ကြေးများတို့ကို အရည် ဖြစ်စေသည်။ ထိုအရည်ကို အမြောက်မြေပုံ ၆ လုံး ထောင်ထား၍၊ အရည်ကို ပုံးထဲတွင် ပြွန်နှင့် သွန်းကျစေ၍ ပြည့်လျှင် ပြွန်ပေါက်ကို ပိတ်ထားသည်။ ပုံး ၆ လုံးကို ပြည့်စေပြီးလျှင်၊ ထိုဖိုထဲက ကြေးအရည်ကို သံအိုးနှင့် ခပ်ယူပြီးလျှင် ဗုံဆံ၊ အမြောက်ဆံပုံးများမှာ သွန်းလုပ်၍ စက်အများနှင့် ချောမောအောင် ပြုပြင်လုပ်ကိုင်သည့် စက်အများထားသောတိုက်သို့ ပြန်၍ကြည့်ရှုရာ၊ ဗုံးဆံ၊ အမြောက်ဆံနှင့်တကွ ဗုံးအမြောက်ကြီး၊ငယ်တို့ကို ဖောက်ဖြတ်ချောမော ပွတ်ခံသည်မှာ သစ်သားကိုပွတ်ခံသကဲ့သို့ အလွန်ချောမော လျင်မြန်သည်။ အမြောက်အချိန် ၅၀၀ ကျော်ခန့်ကိုလည်း လူ ၅ ယောက်နှင့် စက်ဆင် ပင့်ယူ၍ ပြသည်။

အရပ်ရပ်တို့ကို ကြည့်မြင်ရာ မတွေ့မမြင်စဖူး အလွန်ထူးဆန်းကြီးကျယ်လှသည်ဖြစ်၍ ဝန်ကြီးမင်းသခင်ကို အစီရင်ခံရာ ဝန်ကြီးမင်းသခင်က စက်ဆရာဗိုလ်သခင်များကို မေးပြန်သော်၊

'၄ နာရီခန့်တွင် ကြေးကို အရည်ဖြစ်စေ၍ ဖိုထဲသို့ သွန်ချပြီးလျှင်၊ စက် ၁စက်နှင့် ဖောက်ဖြတ်ချောမော၍ အပြီးသို့ရောက်အောင် မြန်မာအချိန် ၅၅၀ စီရှိသော အမြောက်ကြီးသည် ၁လလျှင် ၃ လုံးစီပြီးကြောင်း။' ကို စက်ဆရာတို့ ပြောဆို၍ ကြားသိရပါသည်။

၁စက် ၁စက်လျှင် စက်ရန်ပေါင်း ၁၀၀ ကျော်နှင့် သွန်းလုပ်၍ အပြီးသို့ရောက်အောင် သွန်းလုပ်လျှင် အမြောက်ကြီး၊ငယ်တို့သည် အလျင်အမြန်အများ ပြီးဖွယ်ရာသောအကြောင်း ဖြစ်ပါသည်။

အမြောက်သွန်းလုပ်သော တိုက်တွင် ၃ နာရီကျော်ခန့်မျှ ကြည့်ရှုပြီးလျှင် နေရင်းတိုက်အိမ်သို့ ပြန်လည်လာခဲ့သည်။

mgyoe.com

mgyoe.com

SAMPLE BOOK

# ၇
# ဘတ်ဗဇာရွာတွင်
# စက်ဖြင့်ရက်သော တိုက်အိမ်သို့
# ဝင်၍ ကြည့်မြင်ရသည့်အခန်း

ငှင်း နတ်တော်လဆန်း ၁၀ ရက် တနင်္ဂနွေနေ့။

နာရီပြန် ၁ နာရီအချိန်တွင် ဝန်ကြီးမင်းသခင်နှင့်အတူ အခွန်တော်ဝန်မင်း မောင်ရွှေထွန်း, ကျိုင်းချောင်းခေါင်းချုပ် မောင်ကျိုင်း, စာရေး မောင်ရွှေကို, ပန်းချီဆရာ မောင်ရွှေလေး, ဆေးသမား ဆရာမောင်ကျွတ်, နောက်ပါလူငယ်တို့နှင့် သမ္ဗန်စီး၍ ရေကြောင်း အနောက်တောင်ယွန်း အောက်သို့ အဝတ်ရက်သော စက်ဆရာသူဌေးကြီးတိုက် ဘတ်ဘဇာရွာသို့ စုန်ဆင်းသွားရာ၊ ၄ နာရီအချိန်တွင် ဘတ်ဘဇာရွာ သူဌေးများနေသော တိုက်အိမ်သို့ ရောက်၍၊ ကုမ္ပဏီဂိုရမို သူဌေးကြီးတို့ ကြိုဆိုခေါ်ယူ၍ ငှင်း ၃ ဆင့်တိုက်အိမ်သို့ တက်သွား မြင်ရသည်မှာ

သူဌေးတို့နေသော တိုက်၏ဝင်ဝတွင် အမြောက် ၄ လုံးကို လမ်းတစ်ဖက်တစ်ချက် ၂ လုံးစီထောင်၍ မြေမှာစိုက်လျက် မြှုပ်ထားသည်။ တိုက်အောက်အဆင့်, အလယ်အဆင့်အပေါ်များမှာ ကော်ဇော, စားပွဲ, ကုလားထိုင်, ခုတင်, မွေ့ရာ, မှီအုံး-ကတ္တီပါ, ဖဲ, သရက်ထည်များနှင့် မွမ်းမံခြယ်လှယ် လှပစွာပြုပြင်လျက် ထားသည်။ ဖန်အိမ်, မှန်အိမ်လည်း အများ လှပစွာဆွဲထားလျက် ရှိသည်။ အပေါ်ဆင့်မှာ တီးမှုတ်သော သံစုံသေတ္တာကို လက်နှင့်လှည့်ပတ်ပြရာ၊ စောင်း, ငြင်း, ပတ္တလား, ပြွေ, ခရာသံများကဲ့သို့ အလွန်သာယာလှပသည်။

ထိုတိုက်တွင် ၁ည၌အိပ်ပြီးမှ၊ ၁၁ ရက် တနင်္လာနေ့ နံနက် ၆ နာရီကျော်အချိန်တွင် ထိုတိုက်အိမ်၏အနား၌ အဝတ်ရက်သောစက်တိုက်သို့

mgyoe.com

သွား၍ ဝင်ကြည့်ရာ၊ တိုက်မှာ တောင်၊ မြောက်၊ အနောက်စပ်လျက် ၄ ဆင့်တိုက်ကြီး ရှိ၏။ ထိုတိုက် ၃ တိုက်ကို လင်းစေခြင်းငှာ ပြတင်းပေါက် အများ ထားသည်။ ထိုပြတင်းပေါက်တို့သည် မှန်စီပြတင်းသက်သက် ဖြစ်သည်။ မြောက်ဘက်တိုက်နှင့် တောင်ဘက်တိုက်-၂ တိုက်တို့တွင် မီးစက်ကြီး ၂ စက် ဆင်၍၊ စက်အများတို့ကို လှည့်ပတ်စေသည့် မီးစက်ကြီး ၂ စက် ရှိသည်။

အနောက်တိုက်၏ ပထမဘုံ[1]မှာ ဝါအများကို စုပုံထားသည်။ ထိုပုံထားသော ဝါကို ဂွမ်းဖြစ်စေခြင်းငှာ ကြိတ်သည့်စက်က ကြိတ်သည်။ ထို ကြိတ်ပြီးသောဂွမ်းတို့ကို မြောက်ဘက်၊ တောင်ဘက်တိုက် ပထမဘုံမှာ သွင်း၍ စက်ပေါင်း ၄၀ ကျော်တို့နှင့် ဂွမ်းကို ဖတ်သည့်စက်က ဖတ်သည်။ ထို ဖတ်ပြီးသောဂွမ်းတို့ကို လုံးပတ် ၁ ထွာခန့်- အရှည် ၁ တောင်ခန့်ရှိသော ဗိုင်းလိပ်ကြီးဖြစ်အောင် လိပ်သည့်စက်က လိပ်သည်။ ထို လိပ်ပြီးသောဗိုင်းတို့ကို အထက်ဒုတိယဘုံသို့ တင်ယူ၍ စက်ပေါင်း ၁၀၀ နှင့် ဝင့်လျှင် လက်ညှိုး၊ လက်သန်းခန့်မျှ ချည်လုံး ထွက်၍ အများ ရပါသည်။ ထို ရသောချည်တို့ကို တတိယဘုံသို့ တင်ယူပြီးလျှင် အလွန်သိမ်မွေ့သောစက်ဖြင့် ဝင့်ပြန်သော် ချောမောသောချည်မျှင် ထွက်လာပါသည်။ ထို ထွက်သောချည်ချောတို့ကို အရှည် လက် ၄ သစ်ခန့်ရှိသော ရက်ဖောက်မှာ အသင့်တင်ထား၍ စက်ပေါင်း ၈၀ နှင့် ရောက်လျှင် ရက်ဖောက်ချည်အများ ရသည်။ ထို ရသောရက်ဖောက်ချည်တို့ကို စတုတ္ထဘုံမှာတင်ယူ၍ စက်ပေါင်း ၁၀၀ တို့တွင် အစားယူသည့်စက်က အစားယူသည်။ ရှည်သည့်စက်က ရှည်သည်။ ချောမွေ့ညီညာအောင် ပြုပြင်သည့်စက်က ပြုပြင်သည်။ ထို ပြုပြင်၍ပြီးသော ချည်ကို ရက်ကန်းစင်မှာ တန်းထား၍ နှတ်၊လက်ခတ်အစုံတို့ကို စက်ဖြင့်တပ်၍ ရက်သည့်စက်က ရက်သည်။ ထိုသို့ရက်သည်မှာ လွန်းသွားခြင်း၊ လက်ခတ်ခြင်းတို့သည်

---

၁။ ပထမဘုံ = ပထမထပ်

mgyoe.com

လျှပ်စစ်ပြက်သကဲ့သို့ လျင်မြန်သည်။ ရက်ဖောက်ချည်ကုန်လျှင် လွန်းထိုး စက်ထိန်းတို့သည် လက်ဖြင့်နှိပ်သော် လွန်းလည်း မသွား လက်ခတ်လည်း မခတ် ရပ်နေသည်။ လွန်းတွင် ရက်ဖောက်ကိုထည့်၍ နှိပ်သောလက်ကို လွှတ်လျှင်ပင် လွန်းလည်း ထိုးမြဲ, လက်ခတ်လည်း ခတ်မြဲ ခတ်ပြန်သည်။

ထိုသို့ရက်သဖြင့် "ရက်ကန်း၁စင်လျှင် ၁ နေ့ ၁ နေ့ကို ကိုက် ပေါင်း ၄၀၀ စီ ရသည်။ ၁ ကိုက်လျှင် ၂ တောင် ရှိသည်။" - ဟု စက်ဆရာရက်ကန်းသည်တို့ ပြော၍ သိရပါသည်။

အဝတ်ရက်သောစက်တိုက်မှာ အင်္ဂလိပ်ဆရာစီရင်၍ ဘင်္ဂါလီ လူမျိုး ၁၀၀ ကျော် ၂၀၀ ခန့် ပြုပြင်လုပ်ကိုင်ကြသည်။

အဝတ်ရက်သောစက်တိုက်မှာ ၂ နာရီကျော်ခန့် ကြည့်ရှုပြီးလျှင် ဆင်းလာခဲ့၍၊ စက္ကူလုပ်သော စက်တိုက်, သရက်ထည်ပုံရိုက်, အရက်ချက်, သကြားချက်သော မီးစက်ကြီးများတို့ကို ကြည့်ရှုပြီးလျှင် နေရင်း ကာလ ကုတမြို့တိုက်အိမ်သို့ သမ္ဗန်စီး၍ ပြန်လည်ခဲ့ကြရသည်။

ဝန်ကြီးမင်းသခင်မှာ မြစ်ကိုကူး၍ ရထားနှင့် ကုန်းကြောင်းပြန် သွားသဖြင့် ရောက်နှင့်သည်။

## ၈

## ဘင်္ဂလားအရှင်သခင်ဘုရားရှေ့တော်သို့ ဝင်ရောက်ရသည့်အခန်း

**၄င်း နတ်တော်လဆန်း ၁၂ ရက် အင်္ဂါ။**

နံနက် ၁၁ နာရီအချိန်တွင် ဝန်ကြီးမင်းသခင်နှင့် မော်လမြိုင်မြို့က ပါလာသော ကျွန်တော်မျိုးအရာရှိတို့ကို "ရှေ့တော်သို့ ဝင်လာစေ။"- ဘင်္ဂလားအရှင်သခင်ဘုရား မိန့်တော်မူချက်ကို ခံရသည်ဖြစ်၍ ဝန်ကြီးမင်း သခင်နှင့်အတူ ရထားစီးပြီးလျှင်၊ အခွန်တော်ဝန်မင်း မောင်ရွှေထွန်း,

mgyoe.com